ကော်ကမ်းကျေးရွာ

မင်းယားကျေးရွာအုပ်စု၊ ဖောင်းပြင်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကော်ကမ်းကျေးရွာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖောင်းပြင်မြို့နယ်၏ အကူအညီဖြင့်ရေးဆွဲပါသည်

(ဇန်နဝါရီလ၊ ၂၀၁၉)

မာတိကာ

မာတိကာ

၁။စကားချီ

၂။နိဒါန်း

၃။ရည်ရွယ်ချက်

၄။ တည်နေရာနှင့် ပထဝီအနေအထား

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။စကားချီ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉.၂၀၂၀ ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၂.၂၀၁၃ ခုဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာကာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောစီမံချက်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ကျေးရွာသူ/သားပူးပေါင်း၍ရေးဆွဲထားသည့် ပထမဦးဆုံးသောစီမံချက်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက်စီမံချက်များရေးဆွဲရာတွင် လိုအပ်သော နည်းပညာများပံ့ပိုးကူညီပေးသော ဖောင်းပြင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်များကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကော်ကမ်းကျေး ရွာနှင့်သက်ဆိုင်သော ဒေသန္တရ အချက်လက်များနှင့် အကြံဉာဏ်များကို ကူးညီပံ့ပိုးပေးကြသော ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/သားများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျွန်တော်တို့ရွာသူ/သား များကိုယ်တိုင် ကျေးရွာလုပ်ငန်းများကို အစီ အစဉ်ချ ၍ဆောင်ရွက်ခဲ့ကြသော်လည်း လူထုများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့်လုပ်ထုံးလုပ်နည်းများကို နည်းစနစ်ကျစွာမသိရှိခဲ့ကြပါသည်။လူထုကိုယ်တိုင် နည်းစနစ်ကျစွာ ပူးပေါင်းပါဝင်စေပြီးညှိနှိုင်းတိုင်ပင်ဆွေးနွေး၍ အဖြေရှာစေသော နည်းလမ်း အစီအစဉ်ရေးဆွဲရေးသင် တန်းကိုဖောင်းပြင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍သင်တန်းပို့ချဆောင်ရွက် ပေးခဲ့ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်ရေးဆွဲရာတွင် လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်လက် များကိုသိရှိရုံသာမက နည်းပညာများလိုအပ်ကြောင်းကိုကောင်းစွာလေ့လာသိရှိခဲ့ရပါသည်။

ဤအစီစဉ်တွင် ကော်ကမ်းကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်လက်များအားလုံးပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကော်ကမ်းကျေးရွာ

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၁) ရက်

၂။နိဒါန်း

ကော်ကမ်းကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကိုလေ့လာပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်ကိုကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်းများ၊သတင်းအချက်လက်များပြုစုရန်အရေးကြီးပုံကိုလေ့လာတွေ့ရှိရပါသည်။အစီစဉ်တွင်ကျေးရွာ၏လက်ရှိ လူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေနေများ၊ ကြုံတွေ့ရသော ပြဿနာများ၊ပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်လက်များအပေါ် အခြေခံ၍(၅)နှစ်သာကာလအတွက် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့်စီမံချက်များကိုဖော်ထုပ်၍အစိုးရ၏အစိုးရဌာနများအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကိုချိတ်ဆက်၍ ဆောင်ရွက်ရမည်ကိုသိရှိနားလည်း စေခဲ့ပါသည်။

၃။ရည်ရွယ်ချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် လူထုကိုဦးဆောင်ပါဝင်စေသည့် လုပ်ငန်းဖြစ်သောကြောင့် လူထုကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

၄။ တည်နေရာနှင့် ပထဝီအနေအထား

မော်လိုက်ခရိုင် ၊ ဖောင်းပြင်မြို့နယ်၊ ကော်ကမ်းကျေးရွာ သည် ချင်းတွင်း မြစ်၏ အနောက်ကမ်းတွင်တည်ရှိပြီး ဖောင်းပြင်မြို့နှင့် (၆) မိုင်ကွာဝေးပါသည်။ကော်ကမ်းကျေးရွာသည် ဖောင်းပြင်မြို့သို့သွားလာပါကရေကြောင်း၊ကုန်းကြောင်းဖြစ်သွားလာရပါသည်။နွေရာသီတွင်ကုန်းလမ်းဖြင့်သွားလာရပြီး မိုးရာသီတွင်ရေကြောင်းလမ်းကိုအားထားသွားလာရပါသည်။ကော်ကမ်းကျေးရွာ၏ရေ၊မြေ၊တောတောင် အနေထားမှာသဘာဝ ကျပါသည်။ကျေးရွာ၏ အနောက်ဘက်တွင်လယ်ယာမြေက (၄၀၀)ကျော်ရှိပါပြီး စိုက်ပျိုးမြေများမှာ ရေရရှိမှုအင်းအားနည်း၍ ထင်ထားသလောက်အောင်မြင်မှု ကိုမရှိကြပါသည်။ နတ်ကြီးချောင်းရှိပါသည်။

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကော်ကမ်းကျေးရွာ၏ ရာသီဥ တုနှင့်ဘဘာဝအရင်းအမြစ်များမှာညီမျပါသည်။ မိုးရေချိန် ပျမ်းမျ (၇၀)လက္ခရှိပြီးစိုက်ပျိုးရေးအတွက်အထောက်အကူဖြစ်သည်။ကျေးရွာသည်စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။မိုးရေခံလယ်ယာမြေများဖြင့်သဖြင့်မိုးရေယူကာလယ်ယာလုပ်ငန်းလုပ်ကိုင်ရ သောကြောင့်ရေရရှိမှုမှာ မလုံလောက်ပါသည်။ရေအရင်းအမြစ်အနေဖြင့် ချင်းတွင်းမြစ်မှရေကိုရရှိနိုင်ပြီး မြစ်ရေတင်နိုင်သောစီမံကိန်းများမရှိခြင်းကြောင့် ရွာ၏အနောက်ဘက်လယ်ယာမြေ ၈က (၄၀၀)ကျော် ခန့်ရှိသော စိုက်ပျိုးမြေများမှာထင်ထားသလောက်အောင်မြင်မှုမရှိပါ။မိုးရေကိုသာ အားကိုးနေရသော တောင်သူလယ်သမားများဖြစ်ကြပြီး ရေကြီးချိန်တွင် စိုက်ပျိုးပြီးလယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်း ဒဏ်ကို ခံစားရပါသည်။

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကော်ကမ်းကျေးရွာ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု များဆောင်ရွက်ရာတွင် ကျေးရွာအခြေပြု အဖွဲ့စည်းများသည် လမ်းတံတားများ တည်ဆောက်ခြင်း၊ လူမှုရေးလုပ်ငန်းများကိုရွာ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ငွေကြေးအကူညီများရကာကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လေ့ရှိပါသည်။ကျေးရွာအတွင်းတွင်ရပ်မိရပ်ဖများနှင့်လူမှုရေးအဖွဲ့၊ လူမှုကူညီရေး အသင်း၊ နာရေးကူညီမှု အသင်း၊ ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အရံမီးသတ်တပ်အဖွဲ့၊ MANA အဖွဲ့များရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာကျောင်းဆရာတော်တို့၏ ဦးဆောင်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ကိုင်နေကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကော်ကမ်းကျေးရွာသည် အိမ်ထောင်စုမှာ(၁၄၇)ရှိပြီး စီးပွားရေးအဆင်ပြေသော အိမ်ထောင်စု (၃၄)ရှိပြီးစီးပွားရေးမပြေလည်သောအိမ်ထောင်စုမှာ (၁၁၃)ရှိသည့်ကိုလေ့လာ တွေ့ရှိရပါသည်။ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီ တွင်နှစ်စဉ်မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး ဖြစ်၍ မိုးရာသီတွင် သခွား၊ ပြောင်းဖူး၊ ပဲတောင့်ရှည်နှင့် ဆောင်သီးနှံများမှာ ခရမ်းချဉ်၊ ခရမ်းသီးနှင့်

ပန်းမျိုးစုံတို့ကို စိုက်ပျိုးခြင်းဖြစ်သည်။ ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမြေ (၅၀၁)ဧက စိုက်ပျိုးကြသည်။ နှစ်စဉ်ကျေးရွာမှ မိုးစပါးတင်းရေ (၂၅၀၅၀)ခန့် ထွက်ရှိသည်။ မိုးစပါးကိုဇူလိုင်၊ သြဂုတ်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၅၀)တင်း ဖြစ်သည်။စပါး၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက်ဈေးကောင်းမရသောကြောင့်လယ်သမားများအကျိုးအမြတ် ရရှိမှုနည်းပါသည်။မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာစိုက်ပျိုးနိုင်ကြပြီးအခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။သီးနှံထုတ်လုပ်မှုမှာဝင်ငွေနည်းသည့်အတွက် လူငယ်များသည်ပြင်ပသို့ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင်လုပ်သားရှားပါးလာပါ သည်။အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုသာလုပ်ကိုင်ပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကော်ကမ်းကျေးရွာအနေဖြင့် တံတားအဆောက်အဦး များများစားစားမရှိပေ အဆင်ပြေသလို ရပ်ရွာမှပြုလုပ်ထားသောတံတားများသာရှိပါသည်။ လျှပ်စစ်စွမ်းအင်အနေဖြင့် ကျေးရွာမီးပေးဝေရေးများမရှိသော်လည်းဖောင်းပြင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ (၂၀၁၇-၂၀၁၈)ခုဘဏ္ဍာရေး နှစ်တွင်ချထားဆောင်ရွက်ပေးသော လမ်းမီး၊ ဘုန်းတော်ကြီးကျောင်းမီး၊ဆေးပေးခန်းမီး၊စာသင်ကျောင်းမီး၊တစ်အိမ်သုံးဆိုလာမီးများဖြင့် ကျေးရွာ တွင်မီးလင်းရေးရရှိထားပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကော်ကမ်းကျေးရွာ၏ အဓိကဝင်ငွေရလမ်းမှာ လယ်ယာလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာတွင်အဆင်ပြေသောအိမ်ထောင်စုမှာ(၃၄)စုနှင့်မပြေလည်သော အိမ်ထောင်စုမှ(၁၁၃)စုကိုတွေ့ရှိရပါသည်။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက်လိုအပ်သောချေးငွေကိုနွေစပါး/မိုးစပါးစိုက်ပျိုးနိုင်ရန်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့်ငွေထုတ်ချေးပါ သည်။ ကိုင်း(အခင်း)အတွက် တစ်ဧကကို (၅၀၀၀၀)ကျပ်ဖြင့် ထုတ်ပေးလျှက်ရှိပါသည်။ အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများလည်းရရှိနိုင်ပါသည်။ တောင်သူ လယ်သမားများသာမက အခြားအသေးစား စီးပွားရေး

လုပ်ငန်းများထူထောင်ရန် (ဥပမာ–တစ်နိုင်တစ်ပိုင်မွေးမြူရေး၊အရောင်းအဝယ်) ချေးငွေ ဝန်ဆောင်မှု များလည်း လိုအပ်ပါသည်။ကျေးရွာ၏ငွေကျေးဆိုင်ရာ အခက်အခဲများ ပေါ်ပေါက် လာပါက ဂေါပကအဖွဲ့အစည်းမှ စုဆောင်းငွေများကိုလည်း ထုတ်ချေးပေး လျှက် ရှိပါသည်။

(c) ပညာရေး

ကော်ကမ်းကျေးရွာ၏ စာသင်ကျောင်းမှာမူလတန်းအဆင့်ဖြစ်ပြီး သွပ်မိုး(၂)ထပ် ဆောင် ဖြစ်ပါသည်။မူလတန်းကျောင်းသားဦးရေ(၁၀၆)ယောက်ရှိပြီး စာသင်ကျောင်းမှာ ရွာထိပ်ပိုင်း တွင်တည်ရှိပါသည်။ကော်ကမ်းကျေးရွာ၏(၁)မိုင်ခန့် အကွာတွင်မင်းယားအထက်တန်း ကျောင်း ရှိပါသည်။လက်ရှိ စာသင်ကျောင်း၏အခြေအနေမှာ အမိုးချို့ယွင်းနေပြီး ကျောင်းအသုံး ဆောင်ပစ္စည်းများလည်း လိုအပ်နေ ပါသည်။ ကျောင်းသားမိဘများမှာစိတ်အားထက်သန်စွာ ပညာရေးကိုဦးစားပေးလေ့ရှိပါသည်။ ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့် သာရှိကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံရေးတတ်/ ဖတ်တတ်ရုံသာ တတ်မြောက်ကြပြီးတက္ကသိုလ်ပညာရပ်များဖြင့်ဘွဲ့ရသူများလည်းရှိပါသည်။ အသက်မွေးဝမ်း ကျောင်းကျွမ်းကျင်မှုသင်တန်းများလက်လှမ်းမမှီသောကြောင့်လူငယ်များမှာအသက်မွေးဝမ်း ကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီးင့်အတွက်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက် ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန် တုပ်ကွေးဖြစ်ပွားတတ်ပြီးလူငယ်၊လူကြီးများတွင်မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ ရှိသည်။ ကော်ကမ်း ကျေးရွာ၏ (၁)မိုင်ခန့်တွင် မင်းယားကျန်းမာရေးဌာနခွဲရှိပါသည်။ အခါအားလျော်စွာ ပညာပေးဟော ပြောပွဲများ ကာကွယ်ဆေးထိုးခြင်းများပြုလုပ်လေ့ရှိပါသည်။ သောင်သုံးရေအနေဖြင့် တွင်းရေသုံးသူ(၅၇) ဦးရှိပြီး ကျန်အိမ်ထောင်စုများမှာ အဝီစိတွင်းများသုံးလေ့ရှိကြပါသည်။စပါး၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံ စိုက်ပျိုးလေ့ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့်ကျေးရွာအိမ်ထောင်စုဝင်များကလေးသူငယ်များ အပါအဝင်ယေဘုယျ အားဖြင့် အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ ကလေးသူငယ်များအတွက် ကျန်းမာရေး

ကာကွယ်ဆေးတိုက်ကျွေးသောအစီအစဉ် များကို ကျေးရွာအနီးရှိ မင်းယားကျန်းမာရေးဌာနခွဲမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကော်ကမ်းကျေးရွာသည် မြစ်ကမ်းဘေးတွင်တည်ရှိသောကြောင့် ကမ်းဘေးများ ရေတိုက်စား၍ ကမ်းဘေးပြိုကျခြင်းကိုအမြဲတွေ့ကြုံနေရပါသည်။ ကျေးရွာအနေဖြင့် လက်ရှိတွင်ကမ်းဘေးတွင်သစ်သားတိုင်များစိုက်ထူခြင်း၊ သဲအိတ်များစီခြင်း အပင်များဖြင့်သော ကိုင်း၊မိုးမခ၊ထိကရုံးပင်များကို လူထုပူးပေါင်းစိုက်ပျိုးလျက်ရှိ ပါသည်။ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်း တို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ ဟင်သီးဟင်းရွက်နှင့် ပဲအမျိုးမျိုးစိုက်ခင်းများတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပတ်ဝန်း ကျင်ကို ထိခိုက် မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်း အန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်း လုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီ မိုးရက်ဆက်ရွာသွန်းလျင် စပါးခင်းများ ရေနှစ်မြှုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ်ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား များက ဦးဆောင်လေ့ရှိပြီး အမျိုးသမီးများလည်း တန်းတူပါဝင် ဆောင်ရွက်လေ့ရှိကြောင်းလေ့လာတွေ့ရှိရပါ သည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများလည်း ဆောင်ရွက်လေ့ရှိသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပ ခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများ

သည်အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း	၁
၂	အခြေခံအဆောက်အဦး	ကမ်းနားလမ်းကျောက်ရောမြေနီခင်းခြင်း	၂
၃	အခြေခံအဆောက်အဦး	လမ်းသွယ်(၇)ကျောက်ရောမြေနီခင်းခြင်း	၃
၄	အခြေခံအဆောက်အဦး	စာကြည့်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်း	၄
၅	အခြေခံအဆောက်အဦး	လေးဘီးတပ်လူမှုကူညီရေးကားဝယ်ခြင်း	၅
၆			


ဖွံ့ဖြိုးရေးဗျူဟာ ဇယား၊ ကော်ကမ်းကျေးရွာ


စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဝိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁	လမ်း ကောင်း မွန်မှု မရှိခြင်း	မြေသားလမ်းဖြစ်၍ နှစ်စဉ် ရေလွှမ်းရပ် ဝန်း ဖြစ်နေခြင်း	လမ်းခင်းကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း/ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ငွေကြေးလုံလောက်မှု မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မ တီနှင့် ရပ်မိရပ်ဖများ ကျေးရွာအဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်ခြင်း	မြေသားလမ်းမှ ကျောက်ရောမြေလမ်း(၂၇၀၀'× ၁၂'× ၉'') အဖြစ် စနစ်တကျ ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း
၂	လမ်း ကောင်း မွန်မှု မရှိခြင်း	မြေသားလမ်းဖြစ်၍ နှစ်စဉ် ရေလွှမ်းရပ် ဝန်း ဖြစ်နေခြင်း	သဲ၊ကျောက်၊ကျေးရွာပြည်သူလုပ် အားများရရှိနိုင်ခြင်း	နည်းပညာနှင့် ငွေကြေးလုံလောက်မှု မရှိခြင်း	ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူလူထုပေါင်း စပ်ညှိနှိုင်းဆောင်ရွက်ခြင်း	ကျောက်ရောမြေနီလမ်း (၂၇၀၀'× ၁၂'× ၉'') အဖြစ် စနစ်တကျ ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း
၃	လမ်း ကောင်း မွန်မှု မရှိခြင်း	မြေသားလမ်းဖြစ်၍ နှစ်စဉ် ရေလွှမ်းရပ် ဝန်း ဖြစ်နေခြင်း	သဲ၊ကျောက်၊ကျေးရွာပြည်သူလုပ် အားများရရှိနိုင်ခြင်း	နည်းပညာနှင့် ငွေကြေးလုံလောက်မှု မရှိခြင်း	ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူလူထုပေါင်း စပ်ညှိနှိုင်းဆောင်ရွက်ခြင်း	ကျောက်ရောမြေနီလမ်း (၂၈၀၀'× ၁၂'× ၉'') အဖြစ် စနစ်တကျ ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

နောက်ဆက်တွဲ (၁)


ဖွံ့ဖြိုးရေးဗျူဟာ ဇယား၊ ကော်ကမ်းကျေးရွာ

စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၄	လူငယ်များဗဟုသုတနည်းပါးခြင်း	လူငယ်များစာပေလေ့လာဖတ်ရှုရန်မရှိခြင်း	ဆောက်လုက်ရန်အတွက် မြေနေရာများ အသားများ သဲကျောက်များရရှိနိုင်ပြီး ပြည်သူလုပ်အားများရရှိနိုင်ခြင်း	နည်းပညာနှင့် ငွေကြေးလုံလောက်မှုမရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်မိရပ်ဖများ ကျေးရွာအဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်ခြင်း	(၃၀'× ၂၅'× ၁၅'') နံကပ်(၁)ထပ်ဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
၅	လူထုကျန်းမာရေးကိစ္စများတွက်သွားလာရန်ခက်ခဲခြင်း	ကျန်းမာရေးဌာနသို့သွားရန်ခက်ခဲ ခြင်း	ထိမ်းသိမ်းစောင့်ရှောက်မှု လူမှုကူညီရေးပရဟိတ အဖွဲ့ရှိခြင်း	ဝယ်ယူရန်ငွေကြေးလုံလောက်မှုမရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်မိရပ်ဖများ ကျေးရွာအဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်ခြင်း	လေးဘီးတပ်နောက်ဖွင့် ကားဝယ်ယူမည်ဖြစ်ပါသည်။


ကော်ကမ်းကျေးရွာ အခြေပြမြေပုံ(သို့)ကျေးကွာသယ်အာဏာပြုမြေပုံ 19.1.2019
သောင်ပင်သာကျေးရွာ
ပြည်ကြီးရုံ
ကျောင်း
လမ်း
အိမ်
ရေတွင်း
ဘုရား
သစ်ပင်
အား:ကစား:ကွင်း
ဘိုးတောင်းရေလ
မြစ်:ညီမ:ဘိုး


ကော်ကမ်းကျေးရွာ ကာလအပြောင်းအလဲဇယား
အဖြစ်အပျက်
တနင်္လာ
ဂါအင်္ဂါ
ဗုဒ္ဓဟူး
ကြာသပတေး
သောကြာ
စနေ
တနင်္ဂနွေ
ရာသီဥတု
အလုပ်အကိုင်
လက်လှမ်းမီသောအဆောက်အဦများ
အသုံးစရိတ်
ချေးငွေကိစ္စ
ပမာဏ
သောကဖြစ်ရခြင်း
ကိုယ်ခန္ဓာအစာရှိမှု
ကိုယ်ခန္ဓာနှင့်စက်ဘီးကျောက်မှု
ဗျာဒိမောရေးဒုက္ခခြောင်းခြင်း
ပိုးမွှားကောက်ကျောက်မှု
ပွဲတော်

ကော်ကမ်းကျေးဇူး ဗဟုသုတအပြန်အလှန်ဖလှယ်ခြင်း 19.1.2019



မင်းယားကျေးရွာအုပ်စု၊ ကော်ကမ်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

No.	Village Tract	Village	Name of Committee Member	Gender	Name of Committee	Position	Other Position
စဉ်	ကျေးရွာအုပ်စု	ကျေးရွာ	ကော်မတီဝင်အမည်	ကျား/မ	ကော်မတီအမည်	ရာထူး	အခြားရာထူး
၁	မင်းယား	ကော်ကမ်း	ဦးအုန်းကြိုင်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	ဥက္ကဋ္ဌ	အဖွဲ့ဝင်(ဝယ်ယူရေးဆပ်ကော်မတီ)
၂	မင်းယား	ကော်ကမ်း	ဦးလှရွှေ	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အတွင်းရေးမှူး	အတွင်းရေးမှူး(ဝယ်ယူရေးဆပ်ကော်မတီ)
၃	မင်းယား	ကော်ကမ်း	ဦးသန်းထွန်း	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	စာရင်းကိုင်	စာရင်းကိုင်(ဝယ်ယူရေးဆပ်ကော်မတီ)
၄	မင်းယား	ကော်ကမ်း	ဦးစိုးမြင့်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	ဘဏ္ဍာရေးမှူး	အဖွဲ့ဝင်(ဝယ်ယူရေးဆပ်ကော်မတီ)
၅	မင်းယား	ကော်ကမ်း	ဦးဆောင်းစိန်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	ဘဏ္ဍာရေးမှူး(ဝယ်ယူရေးဆပ်ကော်မတီ)
၆	မင်းယား	ကော်ကမ်း	ဒေါ်မြအေး	မ	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	အဖွဲ့ဝင်(ဝယ်ယူရေးဆပ်ကော်မတီ)
၇	မင်းယား	ကော်ကမ်း	ဦးငွေသန်း	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	အဖွဲ့ဝင်(ဝယ်ယူရေးဆပ်ကော်မတီ)
၈	မင်းယား	ကော်ကမ်း	ဒေါ်ထွေးတင်	မ	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
၉	မင်းယား	ကော်ကမ်း	ဒေါ်လှလှ	မ	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
၁၀	မင်းယား	ကော်ကမ်း	ဦးစိုးအောင်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	ဥက္ကဋ္ဌ(ဝယ်ယူရေးဆပ်ကော်မတီ)
၁၁	မင်းယား	ကော်ကမ်း	ဒေါ်သန်းဌေး	မ	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း

ကော်ကမ်းကျေးရွာ ကျေးရွာတွင်းလမ်း
ကျောက်ရောမြောင်းခြင်းလုပ်ငန်းဆောင်ရွက်မှုပုံ





(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၁၅	၂၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၉	၂၀	၅၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၂	၄၄	၈၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၂	၅၁	၁၀၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅၈	၂၇၄	၅၃၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၇	၃၃	၆၀
စုစုပေါင်း		**၄၂၄**	**၄၃၅**	**၈၆၁**
စုစုပေါင်း အိမ်ထောင်စု		**၁၄၇**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ကောက်ယူရာတွင် ယခင်နှစ်မှ ကောက်ယူရရှိသော လူဦးရေထက် ဝိုမိုများပြားလာသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၁	၂၆၈		မြင့် □ လတ်√ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၅၆	၁၃၀		မြင့် □ လတ်√ နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် √
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် √

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်√နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် √ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ√နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်√ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် √
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် √
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင်

ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လုပ်သားအင်အားရရှိမှုမှာ အသင့်တင့်အခြေအနေမှာရှိပြီး အခြားဝင်ငွေရသောလုပ်ငန်းမှာ လက်သမားနှင့်အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်နေသည်ဟု လေ့လာတွေ့ရှိရပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိလုပ်အားခန္ဓနိုးထားကွာဟမှုတွင် ကျား/မ နှင့်မဆိုင် လုပ်ငန်းအမျိုးအစားလိုက် ကွာခြားမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၉၅	ကောင်း ☐	သင့်√	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၀၆	ကောင်း ☐	သင့်√	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၅၀၁	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ပြည်သူများပိုင်ဆိုင်သည့် မြေဧရိယာမှလွဲ၍ ကျန်ရှိသော မြေလွတ်လပ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ √
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်√ နည်း ☐ မရှိ ☐	လွယ် ☐ ခက်√ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်√ နည်း ☐ မရှိ ☐	လွယ် ☐ ခက်√ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ √	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များမှာ ကျေးရွာ၏ အနီးတွင် သုံးစွဲရန် အနည်းငယ်လွယ်ကူ၍ အချို့မှာ ခက်ခဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂ ကေအထက်	၅ကေနှင့် ၁၂ကေကြား	၅ကေအောက်	မြေယာမဲ့
အိမ်အခြေအနေ	နံကပ်တိုက်	ပျဉ်ထောင်၊သွပ်မိုး	ကပ်ကာ၊ သက္ကယ်မိုး	တဲ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်၊ ကား၊ ထွန်စက်	ထွန်စက်၊ သုံးဘီး	နွားလှည်း	-
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး	တောင်သူလတ်	တောင်သူငယ်	ကျပန်း
အိမ်ထောင်စု	၂	၃၂	၁၀၆	၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ တောင်သူလုပ်ငန်းကို အဓိကအခြေခံ၍ လုပ်ကိုင်စားသောက်ပြီး အဆင့်မြင့်စျေးကွက်စီးပွားရေးစနစ်အကြောင်း ဗဟုသုတနည်းပါးခြင်းတို့ကြောင့် ဥစ္စာဓန အခြေအနေသည် သာမာန်နှင့်သာမာန်အောက် နိမ့်ကျသည်ကို လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____၂____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____၄_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှုသည် လုပ်ငန်းအနည်းအများပေါ်တွင် မူတည်နေသည့်အတွက် အခြေခံလုပ်ငန်း ပုံမှန်မရှိခြင်းတို့ကြောင့် စီးပွားရေးအဆင့်သည် အနိမ့်ဝိုင်းမှာ ရောက်ရှိနိုင်သည်ဟု လေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီးဦးဆောင်သောဆင်းရဲသောအိမ်ထောင်စု(၂)ရှိပြီးကျေးရွာ၏ ကူညီစောင့်ရှောက်ခြင်းလိုအပ်သော အိမ်ထောင်စုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် √ နိမ့်☐ မရှိ
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်√ မရှိ
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် √ နိမ့် မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့်√ မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် နိမ့်☐ မရှိ √
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ချင်းတွင်းမြစ်ကမ်းဘေးတွင်တည်ရှိသောကျေးရဖြစ်သောကြောင့်ရေကြီးရေ လျှံခြင်းထိရောက်မှုများကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်√ မရှိ
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် နိမ့်√ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် မရှိ √
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် မရှိ √
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် နိမ့်√ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနေပြည်သူလူထုအားလုံးသည် ထိခိုက်နိုင်မှု အန္တရာယ်မှာ အနည်းငယ်ရှိသည်ဟု လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူမှုရေးအဖွဲ့	၁☐ ၂√ ၃☐	၄၅	၅၀	၉၅	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း √ သင့် ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၂	မိဘဆရာအသင်းအဖွဲ့	၁□ ၂√ ၃□	၁၅	၂၀	၃၅	ပညာရေး □ ငွေကြေး √ ကျန်းမာရေး √ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၃	အရံမီးသတ်အဖွဲ့	၁□ ၂√ ၃□	၃၀		၃၀	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၄	အမျိုးသမီးရေးရာအဖွဲ့	၁□ ၂√ ၃□		၄၅	၄၅	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၅	မိခင်နှင့်ကလေးအဖွဲ့	၁□ ၂√ ၃□		၃၀	၃၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၆	ပရဟိတအဖွဲ့	၁□ ၂√ ၃□	၁၅	၁၅	၃၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် √ ညံ့ □
၇	ဝေယျာဝစ္စအဖွဲ့	၁□ ၂√ ၃□	၂၀		၂၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း √သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူမှုရေးအဖွဲ့၊ ပရဟိတအဖွဲ့၊ မိဘဆရာအဖွဲ့တို့ရှိပြီး ၎င်းတို့အဖွဲ့အစည်းသည် လူမှုအခြေပြုအဖွဲ့အစည်းများ ဖြစ်သည်ဟု လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	၄င်္ကျားတိုက်ဖျက်ရေးအဖွဲ့	၁√ ၂ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး√ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	သမဝါယမအသင်းအဖွဲ့	၁□ ၂√ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး √ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမှာ ၄ က်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့်သမဝါယမအသင်း အဖွဲ့အစည်းဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၄၇	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများမှာ အထက်တွင်ထည့်သွင်းဖော်ပြထားသော ကိန်းဂဏန်းအရ အနည်းအများကိုလိုက်၍ ပိုင်ဆိုင်ထားကြသည်ဟု လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စ	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

ဦ		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	၁၉၅	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်√ မဖြေဆိုပါ□	ရှိ မရှိ√ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဆည်မြောင်းနှင့်ရေလွှဲဆည် မရှိခဲ့ပါ။ ကျေးရွာ၏ ရေအခြေအနေမှာ တစ်နှစ်ပတ်လုံးရရှိပြီး ရေသွင်းမြောင်းစိုက်ပျိုးနိုင်သော လယ်မြေမှာ (၁၉၅)ဧက ရှိသည်ဟု လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၉၅	တင်း	၃၅	၅၀	၄၀	ဇူလိုင်	နိုဝင်ဘာ	မြင့်□ လတ် နိမ့်√	မြင့်□ လတ် နိမ့်√
ပဲ	၃၀၆	တင်း	၁၀	၂၀	၁၅	နိုဝင်ဘာ	အောက်တိုဘာ	မြင့်□ လတ်□ နိမ့်√	မြင့်□ လတ်□ နိမ့်√
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံမှာ စပါးနှင့်ပဲ ဖြစ်ပြီး သီးနှံအထွက်နှုန်းမှာ ရာသီဥတု ဖျက်ဆီးမှုပိုးမွှားကျရောက်မှု ရေရရှိရန် လိုအပ်မှုတို့ကြောင့် အထွက်နှုန်းမှာ အသင့်တင့် အနေအထားရှိသည်ဟု လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁			
လက်တွန်းထွန်စက်	၂၆			၂
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်	၁			
ခြွေလှေ့စက်	၂			
ရေစုပ်စက်	၁၀			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁			

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုများမှာ ကျေးရွာ၏မြေယာပိုင်ဆိုင်မှုနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်နည်းပါးနေကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း□ ကောင်း သင့်တင့်မျှတ√ မဖြေဆိုပါ□**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း□ ကောင်း သင့်တင့်မျှတ√ မဖြေဆိုပါ□**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ □ အသင့်အတင့်ရှိ√ မဖြေဆိုပါ□**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် □ ရသည် √ မဖြေဆိုပါ □**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် √ မဖြေဆိုပါ □**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် √ မဖြေဆိုပါ □**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် √ မဖြေဆိုပါ □**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်√ မဖြေဆိုပါ □**
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်√ မဖြေဆိုပါ □**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □** **သီးနှံများကို ရောင်းချနိုင်သည် √ မဖြေဆိုပါ □**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သဘာဝရေမြေရာသီဥတု သင့်တင့်မျှတမှု စိုက်ပျိုးရေးအရင်းအမြစ် ချေးငွေနှင့် ဝန်ဆောင်မှု၊ သီးနှံမျိုးစေ့ရရှိမှု၊ သဘာဝမြေဩဇာရရှိမှု၊ လုပ်သားရရှိမှု၊ နည်းပညာများရရှိလျှင် သီးနှံများ အထွက်တိုးနိုင်သည်ဟု လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်√ မဖြေဆိုပါ**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ √** **လယ်ယာမြေဆုံးရှုံးမှုများသည် □** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □** **ပလပ်မြေများရှိသည် □** **ပလပ်မြေအသင့်အတင့်ရှိသည်□ မဖြေဆိုပါ □**

